# လူတိုင်းအတွက် All-in-one PC ၆ မျိုး

ဒီနှစ်မှာ all-in-one လို့ခေါ်တဲ့ one-piece PC တွေက ဈေးကွက်ကို လွှမ်းမိုးနေခဲ့ပြီး သူတို့က အံ့သြဖွယ်ကောင်းလောက်အောင် ကောင်းမွန်ပါတယ်။ လိုအပ်ချက်နဲ့ ကိုက်ညီအောင် သင့်တော်တဲ့ system တစ်ခုကို ဘယ်လိုရွေးချယ်ရယူနိုင်မလဲဆိုတာ သိနိုင်ဖို့အတွက် တင်ဆက်ပေးချင်ပါတယ်။ »




22 လုပ်ငန်းခွင် အတွက်

23 ဖျော်ဖြေရေး အတွက်

25 မီးဖိုဆောင် အတွက်

26 ကျောင်းသားတွေ အတွက်

28 ကလေးတွေ အတွက်

# လုပ်ငန်းခွင်အတွက်



အိမ်ကအလုပ်ခန်းထဲမှာရှိတဲ့ လုပ်ဆောင်နိုင်စွမ်း ကောင်းမွန်ပြီး ယုံယုံကြည်ကြည် အသုံးပြုလို့ရတဲ့ computer က ကိုယ်မရှိတဲ့အခါမျိုးမှာလည်း အလုပ်တွေဆက်လက်လုပ်နိုင်စေမှာပါ။ Lenovo ရဲ့ ThinkPad laptop တွေက system ချောချောမွေ့မွေ့ လည်ပတ်နေဖို့ business-centric software နဲ့ function တွေ ထည့်ပေးထားပါတယ်။ ရင်းနှီးပြီးသား ThinkPad touch ကို အရွယ်ကြီးကြီး၊ စွမ်းအားကောင်းတဲ့ package အနေနဲ့ ရှာဖွေနေတယ်ဆိုရင်တော့ Lenovo ရဲ့ ThinkCentre M90z all-in-one မှာ လိုချင်တာတွေ အားလုံးပါဝင်ပါတယ်။ Lenovo ရဲ့ ThinPad line က laptop အများစုလိုပဲ ThinkCentre M90z က ချောမွေ့တောက်ပတဲ့ အနက်ရောင်ရှိပါတယ်။ ဆွဲဆောင်မှုရှိပြီး ရိုးရှင်းကာ ကျယ်ဝန်းတဲ့ ၂၃ လက်မအရွယ် display ကို သတ္တုခြေထောက်တွေပေါ်မှာ ထိုင်ထားပါတယ်။ 3.2GHz Core i5-650 processor နဲ့ ကွန်ပျူတာ ကိုမောင်းနှင်ထားပြီး DDR3 RAM 4GB နဲ့ hard drive 500GB တို့ကို ထည့်သွင်းထားပါတယ်။ M90z က WorldBench 6 စမ်းသပ်မှုမှာ ၁၁၇ မှတ်ရထားပါတယ်။ ဒီစမ်းသပ်မှုမှာ ဈေးအတော်ကြီးတဲ့ Apple iMac ကလွဲရင် ဒီထက်အမှတ်ပိုများတဲ့ all-in-one PC က နည်းပါတယ်။

## အပိုပါတဲ့ Toolbox

ThinkCentre M90z မှာ Lenovo ရဲ့ ThinkVantage Toolbox software ထည့်သွင်းပေးထားပါတယ်။ Lenovo ရဲ့ business laptop တွေမှာပါရှိတဲ့ သက်ဆိုင်ရာ utilitie တွေလိုပါပဲ ThinkVantage tool တွေက စက်ကို အလုပ်လုပ်ရာမှာ ကူညီပေးနိုင်မှာပါ။ အိမ်မှာရှိတဲ့ အလုပ်ခန်းမှာ IT ဝန်ထမ်းတွေမရှိလို့ ဒါတွေက အသုံးတည့်နိုင်မှာပါ။ Toolbox က data တွေကို backup အလိုအလျောက်လုပ်ပေးနိုင်ပြီး software နဲ့ handware driver တွေကို အမြဲတမ်း update ဖြစ်အောင် စောင့်ကြည့်ပေးပါလိမ့်မယ်။

Toolbox ရဲ့ tool တွေက M90z ရဲ့ hardware တွေကိုလည်း ပုံမှန် scan လုပ်ကာ မျှော်လင့်ထားတဲ့အတိုင်း အလုပ်လုပ်နေရဲ့လားဆိုတာလည်း ပုံမှန်စစ်ဆေးပါတယ်။ ပြီးတော့ hardware နဲ့ software ပြောင်းလဲမှုတွေကိုလည်း စာရင်းပြုစုထားပါတယ်။ ဒါကြောင့် အမှားအယွင်းဖြစ်တဲ့အခါ အရေးကြီးတဲ့ဖြစ်ရပ်တွေကို အချိန်နဲ့ မှတ်တမ်းတင်ထားတဲ့ ပြည့်စုံတဲ့ စာရင်းတစ်ခုရှိနေမှာပါ။ ဒါက software ပြဿနာတွေကို ဖြေရှင်းတဲ့အခါမှာ၊ ဒါမှမဟုတ် အမှားအယွင်းမဖြစ်ခင်က ကောင်းမွန်တဲ့အခြေအနေကို ပြန်သွားချင်တဲ့အခါမျိုးမှာ အဆင်ပြေစေနိုင်ပါတယ်။

M90z ရဲ့ screen က Windows 7 ရဲ့ multitouch gesture ကို ထောက်ပံ့ပေးထားလို့ လက်နဲ့တို့ထောက်ပြီး အလုပ်လုပ်ဖို့ ထပ်ထည့်ချင်တဲ့အခါမှာ အသုံးဝင်ပါလိမ့်မယ်။ Lenovo ကလည်း သူ့ရဲကိုယ်ပိုင်လက်ချောင်းတွေ အသုံးပြုနိုင်တဲ့ SimpleTap ကို ထပ်ထည့်ပေးထားပါတယ်။ လက်ချောင်းလေးတွေနဲ့ display ပေါ်မှာ ၂ ခါထောက်လိုက်ရင် SimpleTap ပွင့်လာပါလိမ့်မယ်။ ဒါက အသုံးပြုတာများတဲ့ app တွေနဲ့ hardware control တွေရဲ့ shortcut တွေကို အကွက်လေးတွေနဲ့ ဖော်ပြပေးတဲ့အပြင် နှစ်သက်ရာ file၊ program၊ ဒါမှမဟုတ်



Lenovo ThinkCentre M90z ရဲ့ feature က နေရာမယူတဲ့ ၂၃ လက်မ အရွယ် multitouch display ပါရှိတာပါပဲ

website ရဲ့ shortcut တွေကို ထပ်ထည့်နိုင်ပါတယ်။ ဒါကြောင့် အလုပ်ကို ပိုမိုလျင်မြန်စေမှာဖြစ်ပါတယ်။

Integrated graphic ကို သုံးထားလို့ game အကြီးတွေဆော့မယ် ဆိုရင် M90z က အဆင်ပြေမှာမဟုတ်ပါဘူး။ Display က native 1080p resolution ကို ပေးစွမ်းနိုင်တဲ့အတွက် HD video တွေက ချောမွေ့ပြီးထစ်ငေါ့နေတာတွေ ရှိမှာမဟုတ်ပေမယ့်ပုံရိပ်တွေကအရမ်းကြီးတော့ စိုစိုပြည်ပြည်ရှိမှာ မဟုတ်ပါဘူး။ Display ကို အလင်းဆုံး setting တွေ ချိန်ထားတာတောင် အရောင်ဖျော့နေသလိုပါပဲ။ ဒါက ပုံရိပ်တွေကို ကြည့်ရတာမကောင်းပါဘူး။ ပြီးတော့ သိပ်မကောင်းတဲ့ built-in speaker တွေကို headphone ၊ ဒါမှမဟုတ် သင့်တော်တဲ့ speaker တစ်စုံနဲ့ အစားထိုးချင်ပါလိမ့်မယ်။ M90z မှာ စုစုပေါင်း USB ပေါက် ၆ ခုပါရှိလို့ external device တွေအတွက် အဆင်ပြေပါလိမ့်မယ်။ ဒါပေမဲ့ firewire နဲ့ eSATA တို့လို အဆင့်မြင့် ချိတ်ဆက်စရာတွေ မပါတာမို့ storage အသုံးများတဲ့သူတွေအတွက် စိတ်ပျက်စရာဖြစ်နေမှာပါ။ Multi format card reader ပါရှိတာကြောင့် photo တွေကို M90z ထဲကို အလွယ်တကူထည့်သွင်း နိုင်မှာပါ။ ပြီးတော့ DVD burner တစ်ခုလည်း တပ်ဆင်ပေးထားပါသေးတယ်။ Built-in WiFi ပါရှိတာကြောင့် ကြိုးတွေ ရှုပ်ပွမှုကို လျှော့ချနိုင်တဲ့အပြင် VGA နဲ့ display port ပါရှိလို့ နောက်ထပ် monitor တစ်လုံး ထပ်ထည့်သုံးနိုင်ပါတယ်။

Lenovo ရဲ့ ThinkCentre M90z က အသုံးဝင်တာတွေ အများကြီးကို သေးသွယ်တဲ့ package ထဲ ထည့်ထားတာဖြစ်ပါတယ်။ Video playback ကကောင်းမွန်ပေမယ့် speaker နဲ့ ပုံရိပ်အရည်အသွေးညံ့ဖျင်းလို့ home theater အတွက်တော့ အဆင်ပြေမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ အလုပ်ကို အာရုံစိုက်လုပ်မယ့် PC အသုံးပြုသူတွေအတွက်တော့ M90z က ကောင်းမွန်တဲ့ လုပ်ဆောင်နိုင်စွမ်းနဲ့ software တွေကို package တစ်ခုထဲမှာ ထည့်ပေးထားလို့ အလုပ်လုပ်ရတာ လွယ်ကူစေမှာဖြစ်ပါတယ်။ ■

# ညှော်ခန်းဆောင်အတွက်

Internet ဆိုတာ အလိုရှိတဲ့အခါမှာ ရတနာသိုက်တစ်ခုဖြစ်တာကြောင့် cable provider ရဲ့ အစီအစဉ်တွေ အချိန်ဇယားကို စောင့်ကြည့်နေစရာမလိုတော့ပါဘူး။ အခြေအနေအားလုံးနဲ့ ကိုက်ညီမှုရှိမယ့် internet ချိတ်ထားတဲ့ TV ကို စောင့်မျှော်နေမယ့်အစား TV ကို လဲစရာမလိုဘဲနဲ့ internet က ဘာတွေပေးစွမ်းနိုင်တယ်ဆိုတာကို မြည်းစမ်းချင်တယ်ဆိုရင်တော့ HP ရဲ့ touchsmart 600 Quad က ကြီးမားတဲ့ display ၊ ကောင်းမွန်တဲ့ speaker တွေနဲ့ touch optimized interface တွေနဲ့အတူ အသုံးတော်ခံပါလိမ့်မယ်။

1.6GHz Core i7-720QM processor နဲ့ RAM 6GB က ဒီ ၂၃ လက်မအရွယ် all-in-one ကို မောင်းနှင်ပေးထားပါတယ်။ Notebook တွေမှာ အသုံးများတဲ့ i7-720QM CPU က Intel ရဲ့ hyperthreading နဲ့ Turbo Boost နည်းပညာတွေကို ထောက်ပံ့ပေးထားလို့ စွမ်းအားနဲ့လုပ်ဆောင်မှုကောင်းကောင်း အသုံးပြုနေတဲ့အချိန်မှာ desktop CPU တွေထက် စွမ်းအင်သုံးစွဲမှုနဲ့ အပူထုတ်လွှတ်မှုကို လျှော့နည်းစေပါတယ်။ Touchsmart 600 Quad က WorldBench 6 စမ်းသပ်မှုမှာ ၁၀၄ မှတ်ရရှိခဲ့လို့ သိပ်မဆိုးဘူးလို့ဆိုပေမယ့် ဒီအရွယ်အစား all-in-oen PC တစ်လုံးအနေနဲ့ ဆိုရင်တော့ နိမ့်နေပါသေးတယ်။ PC က 1TB hard drive ပါရှိတဲ့အတွက် ဂီတနဲ့ရုပ်ရှင်တွေကို ထည့်သွင်းနိုင်ဖို့ နေရာအများကြီးလုံလောက်ပါတယ်။

၂၃ လက်မ display က native resolution 1920 x 1080 pixels ရှိတဲ့အတွက် 1080p HD video တွေကိုကြည့်ဖို့ သင့်တော်ပါတယ်။ ပြီးတော့ bluray drive တစ်ခုပါရှိတဲ့အပြင် ရုပ်ရှင်ကြည့်တဲ့အခါ အလင်းပေးစနစ်ကို စိတ်ကြိုက်ချိန်ညှိလို့ရပါတယ်။

HP ရဲ့ Touch Smart software က Hulu ၊ Netflix ၊ Twitter နဲ့ အခြားကျော်ကြားတဲ့ web destination တွေရဲ့ desktop

version ကို touch စနစ်နဲ့ အလုပ်လုပ်ပေးနိုင်ပါတယ်။ PC ရဲ့ quad core processor ကြောင့် ဒီ full screen widget တွေက တုံ့ပြန်မှုကောင်းမွန်တဲ့အပြင် ဂီတ၊ ရုပ်ရှင်နဲ့ website တွေကို ရိုးရိုးလေးပဲရွေးချယ်လို့ရပါတယ်။

## လုပ်ဆောင်နိုင်မှုကို တွက်ကြည့်ခြင်း

HP ရဲ့ TouchSmart 600 Quad မှာ အခြားလုပ်ဆောင်နိုင်စွမ်းရှိပါသေးတယ်။ အဲဒါကတော့ Dr Dre ရဲ့ signature headphone line ကို ပေးနိုင်တဲ့ Beats Audio HD audio processing နည်းပညာပါပဲ။ System ရဲ့ stereo speaker တွေက အထင်ကြီးစရာ အသံအရည်အသွေးရှိပါတယ်။ အသံအရည်အသွေး မထိခိုက်ဘဲနဲ့ အခန်းထဲမှာအသံနဲ့ ဖြည့်ပေးသွားနိုင်ပါတယ်။ Hip Hop အကျော်အမော်တွေက ထောက်ခံထားတဲ့ ဒီယူနစ်ရဲ့ bass ကအားကောင်းပေမယ့် အရမ်းကြီးတော့ ထူးခြားမှုမရှိပါဘူး။ အသံကပြတ်သားပြီး သက်ဝင်တက်ကြွမှုရှိပါတယ်။ Beats audio processing နည်းပညာကလည်း နှစ်သက်တဲ့အသံကို ရွေးချယ်နိုင်စေပါတယ်။

အမှန်တကယ်တော့ media ဝါသနာအိုးတွေအနေနဲ့ HP ရဲ့ speaker တွေပေါ်မှာ မှီခိုနေဖို့မလိုအပ်ပါဘူး။ Audio output port တွေက နှစ်သက်ရာ stereo စနစ်နဲ့ ချိတ်ဆက်စေနိုင်တဲ့အတွက် beats audio processing နည်းပညာက တကယ်ကို ထင်ရှားလာပါတယ်။

All-in-one PC ရဲ့ USB port က ၅ခု ပါရှိလို့ ပေးထားတဲ့ hard drive 1TB နဲ့ မလုံလောက်တော့ရင် external device တွေကို အသုံးပြုနိုင်ပါတယ်။ ပြီးတော့ multi format card reader က PC မှာ ဓာတ်ပုံတွေကို အလွယ်တကူ ကြည့်နိုင်စေပါတယ်။ အဲဒီမှာ TouchSmart widget တွေကို သုံးပြီး ပုံတွေကို browse လုပ်ကာ share လုပ်လို့ရပါတယ်။ System က bluetooth ချိတ်ဆက်နိုင်မှုနဲ့ ကြိုးမဲ့ keyboard ၊ mouse အပြင် အဝေးထိန်းခလုတ်ပါ ပါဝင်ပါတယ်။ TouchSmart 600 Quad က display input port တွေ အတော်များများကို ထောက်ပံ့ပေးထားလို့ video game console ကို ပလပ်တပ်ပြီး TouchSmart ကို display အနေနဲ့ အသုံးပြုနိုင်ပါတယ်။



HP ရဲ့ TouchSmart 600 Quad က အကောင်းမွန်ဆုံး multimedia ပုံရိပ်တွေကို ပေးနိုင်ပါတယ်

ဆက်သွယ်နိုင်တဲ့ ရွေးချယ်စရာတွေများတဲ့အပြင်၊ အသံနဲ့ video အရည်အသွေးကောင်းမွန်မှုကြောင့် game အပါအဝင် ဘယ် media ကိုမဆို အသုံးခံပေးနိုင်တာကြောင့် HP ရဲ့ TouchSmart 600 Quad က multimedia ကို စိတ်ဝင်စားတဲ့သူတွေအတွက် လုံးဝကို အဝယ်လိုက်တဲ့ system တစ်ခုပါပဲ။



# မီးဖိုဆောင်အတွက်



ဒီနေ့ခေတ်မှာ touchscreen တွေကို all-in-one desktop တွေမှာ အသုံးများလာကြပါတယ်။ ဒါပေမဲ့ မီးဖိုဆောင်ထဲမှာ အလုပ်လုပ်နေရင်းနဲ့ဆိုရင်တော့ screen ပေါ်ကို လက်ချောင်းတွေထောက် အသုံးပြုရတာဟာ ကောင်းမွန်တဲ့ စိတ်ကူးတစ်ခု မဟုတ်ပါဘူး။ စားဖိုမှူးတစ်ယောက်အတွက် လိုအပ်တာက touchscreen သုံးစရာမလိုတဲ့ internet နဲ့ ချိတ်ဆက်ထားတဲ့ system တစ်ခုပါပဲ။ HP ရဲ့ all-in-one 200-5020 က ဒီအချက်တွေနဲ့ ကိုက်ညီမှုရှိပါတယ်။

၂၁ လက်မခွဲ all-in-one PC ကို 2.7GHz Pentium Dual Core processor နဲ့ 4GB DDR3 RAM တပ်ဆင်ထားပြီး hard drive 500GB ထည့်သွင်းပေးထားပါတယ်။ Processor က လုပ်ဆောင်နိုင်စွမ်းစာရင်းမှာ အောက်ဘက် ရောက်နေပေမယ့် WorldBench 6 စမ်းသပ်မှုမှ ၁၀၄ မှတ်ရရှိခဲ့လို့ မညံ့ဘူးလို့ဆိုရမှာပါ။

All-in-one 200-5020 က multi touch လုပ်ဆောင်မှုကို စွန့်လွှတ်လိုက်ရတဲ့အတွက်ကြောင့် keyboard နဲ့ mouse ကို အသုံးပြုရပါတယ်။

Native resolution 1920 x1080 pixel ရှိတာမို့ all-in-one 200-5020 က HD (1080p) video တွေကို ကြည့်ဖို့သင့်တော်ရုံပဲရှိပါတယ်။ ဒါကြောင့် ပေါင်မုန့် ကျက်ဖို့စောင့်နေတုန်းမှာ Iron Chef ဇာတ်ကွက်တစ်ခုကို အလွယ်တကူကြည့်ရှုနေလို့ရပါတယ်။ LED backlit screen က ပုံပျက်တာတွေမဖြစ်စေဘဲ အသေးစိတ်ကြည့်ရှုနိုင်တဲ့အပြင် အရောင်ပုံတူဖော်ပြပေးနိုင်တဲ့အတွက် အလွန်ပဲသင့်တော် ကောင်းမွန်လှပါတယ်။

## အဝေးကြည့်အဆင်ပြေနိုင်မှု

Viewing angles ကျယ်ဝန်းတဲ့အတွက် ဘက်စုံထောင့်စုံ နီးပါးကနေ ကြည့်ရှုနိုင်စေပါတယ်။ အချက်အပြုတ်ဆိုင်ရာ ထုတ်လွှင့်မှုကို PC ကနေ ပေအတော်ဝေးတဲ့ မီးဖိုမှာလုပ်ကိုင်နေရင်းလှမ်းကြည့်လိုက်တဲ့အခါ display ရဲ့ ကြည်လင်ပြတ်သားမှုကို အသိအမှတ်ပြုမိမှာပါ။

အရွယ်အစားက ဒီနေရာမှာအရေးကြီးပါတယ်။ ၂၁ လက်မ ခွဲအရွယ်အစားက အတော်လေးလုံလောက်တဲ့ ပမာဏဖြစ်ပါတယ်။ ဒါပေမဲ့ သေးသွယ်တဲ့ design က နေရာအများကြီးမယူအောင် လုပ်ဆောင်ပေးထားပါတယ်။ ကြိုးတွေ တတ်နိုင်သမျှ နည်းနည်းပဲ ရှိဖို့လိုတာကြောင့် WiFi ဆက်သွယ်မှု ပါမပါ ဆိုတာ အရေးကြီးပါတယ်။ 802.11 n ဆက်သွယ်မှု ပါဝင်တာမို့ ကြိုးတွေ ချိတ်စရာမလိုဘဲ internet ကို အသုံးပြုနိုင်ပါတယ်။ Keyboard နဲ့ mouse ကလည်း ကြိုးမဲ့ဖြစ်တာကြောင့် ရှုပ်ပွနေတာတွေ မရှိတော့ပါဘူး။



HP ရဲ့ All-in-one 200-5020 က touch screen အစားကြိုးမဲ့ input device တွေကို အသုံးပြုပါတယ်

Multiformat card reader က စက်ထဲကို ဓာတ်ပုံတွေထည့်သွင်းနိုင်စေတာကြောင့် မိတ်ဆွေတွေနဲ့အတူ ဝေမျှလို့ရပါတယ်။ ပြီးတော့ PC မှာပါတဲ့ webcam ကိုသုံးပြီး ဟင်းချက်နည်းတွေကိုလည်း မှတ်တမ်းတင်ထားလို့ရပါတယ်။ ပြီးတော့ DVD burner လည်းပါရှိတဲ့အတွက် ကျွမ်းကျင်မှုတွေကို မှတ်တမ်းတင်ထားပြီး DVD ကူးကာ မိတ်ဆွေတွေဆီ ပို့လို့ရပါသေးတယ်။

မီးဖိုဆောင်အတွက် နေရာလွတ်က အရေးကြီးပါတယ်။ ဒါပေမဲ့ နေရာလွတ်တွေရှိရင်တော့ all-in-one

ရဲ့ USB port ၇ခုကို သုံးပြီး external deviceတွေကို အသုံးပြုနိုင်ပါတယ်။ Built-in ပါတဲ့ speaker ရဲ့အသံအရည်အသွေးက အသင့်အတင့်ပါပဲ။ ဒါပေမဲ့ သင့်တော်တဲ့ 7.1 channel ပတ်လည် အသံစနစ်အတွက် output လည်း ပါရှိပါတယ်။

ဒီ systemက ပိုမိုကြီးမားပြီး touchscreenတပ်ဆင်ထားတဲ့ modelတွေမှာ တွေ့ရတဲ့ ကောင်းတဲ့အချက်တချို့မရှိပေမယ့် HP ရဲ့ all-in-one 200-5020 က ထားစရာနေရာကျဉ်းတဲ့ ဘယ်နေရာမျိုးအတွက်မဆို သင့်တော်ပါတယ်။

## ကျောင်းသားတွေအတွက်

မြိုးမြိုးမြက်မြက်နေပြီး ပိုက်ဆံချွေတာသုံးရတဲ့ ကောလိပ်ကျောင်းသားတစ်ယောက်အနေနဲ့ စာအုပ်၊ အစားအသောက်၊ နေထိုင်စရာနဲ့ ကျူရှင်ခတွေအတွက် ကုန်ကျစရိတ်တွေနဲ့ ပတ်သက်ပြီး ထိတ်လန့်နေရမှာဖြစ်ပါတယ်။ ဒါပေမဲ့ ပိုက်ဆံချွေတာမယ့် စိတ်ကိုထိန်းထားကာ အနိမ့်စား notebook PC တစ်လုံး ဝယ်လိုက်ပါ။ Notebook PC တွေက သယ်ရလွယ်ကူတယ်ဆိုတာတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ပိုက်ဆံအရမ်းမကုန်ဘဲ ကျေနပ်ဖွယ်ရာလုပ်ဆောင်မှုနဲ့ လုံလောက်တဲ့သိုလှောင်မှု ပမာဏရဖို့တော့ မလွယ်ပါဘူး။ All-in-one PC တစ်လုံးက စာသင်ခန်းကို သယ်သွားဖို့ဆိုတာ ကြီးလွန်းပေမယ့်အလားတူ အရည်အသွေးရှိတဲ့ laptopထက် all-in-oneက ပိုပြီး ပိုက်ဆံသက်သာစေပါလိမ့်မယ်။



Acer AZ5700-U2112က ဒေါ်လာ ၁,၀၀၀ လောက်ပဲကုန်ကျပြီး speedနဲ့ mediaအတွက် ကောင်းကောင်း ဆောင်ရွက်ပေးနိုင်တဲ့ featureတွေ အများကြီးပါဝင်ပါတယ်။ တကယ်လို့ mobile PCတစ်လုံးကို မဖြစ်မနေဝယ်ယူရမယ်ဆိုရင် အရည်အသွေးတူ laptop အစား all-in-one ဝယ်လိုက်တဲ့အတွက် ပိုထွက်လာတဲ့ ပိုက်ဆံနဲ့သင့်တင့်တဲ့ netbook တစ်လုံးကို ဝယ်ယူဖို့ လုံလောက်ပါတယ်။

3.2GHz core i5-650 processorနဲ့ 4GB RAMနဲ့ မောင်းနှင်ထားတဲ့ ၂၃ လက်မအရွယ် AZ5700က WorldBench 6 စမ်းသပ်မှုမှာ ရမှတ် ၁၁၉ မှတ်ရရှိခဲ့ပါတယ်။ ဒါက ဈေးနှုန်းတူတဲ့ laptopတွေထက်သာပြီး all-in-one PCတွေ စာရင်းရဲ့ ထိပ်ပိုင်းနီးပါးမှာ ရှိပါတယ်။

သူ့ရဲ့ကောင်းမွန်တဲ့ အရည်အသွေးအပြင် AZ5700က storageကို 1TBအထိ ပေးအပ်ထားတာမို့ assignmentတွေ၊တေးဂီတတွေ၊ ရုပ်ရှင်တွေနဲ့ ကျောင်းသားတစ်ယောက်အတွက် လိုအပ်တာတွေကို ထည့်သွင်းသိမ်းဆည်းထားနိုင်ပါတယ်။

### အဓိကကျတဲ့ screen

ဒီ all-in-one ရဲ့ အဓိကဆွဲဆောင်မှု ၂၃ လက်မဖန်သားပြင်ပါပဲ။ သူ့ရဲ့ multitouch screenက Windows 7 ရဲ့ gestures featureကို ထောက်ပံ့ပေးထားတဲ့အပြင် Acerရဲ့ Touch Portal softwareတွေလည်း ထည့်သွင်းပေးထားပါတယ်။ ဒါက ကျော်ကြားတဲ့ webနဲ့ PC ထဲမှာ သိမ်းဆည်းထားတဲ့ ဂီတနဲ့ video တွေဆီကို အလွယ်တကူဝင်ရောက်စေနိုင်တဲ့ widget တွေဖြစ်ပါတယ်။ Touch-optimized browser ပေါ်က ကြီးမားတောက်ပတဲ့ ခလုတ်တွေကို လက်ချောင်းတွေနဲ့

အလုပ်လုပ်စေလို့ရပါတယ်။ ပြီးတော့ software နဲ့ hardware driver update တွေကို အလိုအလျောက်လုပ်ပေးနိုင်တဲ့ program လည်း ထည့်သွင်းပေးထားလို့ ကိုယ်တိုင် update လုပ်စရာ မလိုတော့ပါဘူး။

AZ5700 ရဲ့ HD oriented display မှာ native resolution 1920 x1080 pixels ရှိပါတယ်။ ဒါကြောင့် intergrated graphic တပ်ဆင်ထားပေမယ့် video တွေကို ချောချောမွေ့မွေ့ ကြည့်နိုင်ပါတယ်။ ပုံရိပ်အရည်အသွေးကလည်း အံ့သြစရာပါပဲ။ ဒါကြောင့် multiformat card reader က ပုံတွေကိုစက်ပေါ်မှာ အရောင်မှန်မှန်နဲ့ ကြည့်ရှုနိုင်ပါတယ်။ ပြီးတော့ DVD burner တစ်ခုလည်း ပါရှိပါတယ်။ Bluray player ကတော့ ဈေးနှုန်းအရ မပါရှိနိုင်ပါဘူး။

Built-in TV tuner ကလည်း media package အဖြစ် ပြည့်စုံသွားစေပါတယ်။ Windows 7 ရဲ့ built-in DVR လုပ်ဆောင်ချက်ကြောင့် နှစ်သက်တဲ့ show တွေကို ဖမ်းယူထားလို့ရပါတယ်။ အဝေးထိန်းစနစ်လည်းပါဝင်တာမို့ အိပ်ခန်းထဲမှာတင်ပဲ ဧည့်ခန်းထဲက ဖျော်ဖြေမှုမျိုးကို ခံစားရမှာပါ။ ပါလာတဲ့ keyboard နဲ့ mouse ကလည်း ကြိုးမဲ့တွေဖြစ်တဲ့အတွက် စာရေးမယ်ဆိုရင် စာရွက်တင်ဖို့အတွက် အလွယ်တကူ နေရာရွှေ့ပြောင်းနိုင်မှာပါ။

Built-in ပါတဲ့ webcam ကလည်း အိမ်က မိသားစုတွေနဲ့ အဆင်ပြေပြေ ဆက်သွယ်နိုင်စေမှာဖြစ်ပါတယ်။ ပါဝင်တဲ့ software က ပျော်ရွှင်စရာ animation တွေနဲ့အတူ video chat တွေ လုပ်ဆောင်နိုင်စေပါတယ်။ Video စောင့်ကြည့်စနစ်က အခန်းဖော်ရဲ့ မကောင်းတဲ့စရိုက်တွေကို သိရှိနိုင်စေတဲ့အပြင် ခိုးယူစားသောက်တဲ့ အစားအသောက်တွေအတွက် အလျော်ပြန်တောင်းနိုင်စေပါတယ်။



ဒေါ်လာ ၁,၀၀၀ ပဲပေးရတဲ့ Acer AZ5700 က solid performance ကို ပေးနိုင်ပါတယ်

ဒီ all-in-one PC မှာ နှစ်သက်စရာတွေ အများကြီးပါဝင်ပြီး အကောင်းဆုံးအချက်ကတော့ AZ5700 ရဲ့ ဈေးနှုန်းပဲဖြစ်ပါတယ်။ ဒီ PC က အလုပ်အတွက်ရော ဖျော်ဖြေမှုအတွက်ပါ ကောင်းမွန်ပြီး သူ့ရဲ့ ဈေးနှုန်းကြောင့် နောက်နှစ်ပတ်ကျောင်းတက်ချိန်အတွက် အစားအသောက် ချွေတာစရာမလိုတော့ပါဘူး။ ဒါကြောင့် ဈေးနှုန်းသင့်တင့်ပြီး ကောင်းမွန်တဲ့စနစ်ကို ရရှိတာပါပဲ။ ပြီးတော့ ဒီ system က အလုပ်တွေကို မြန်မြန်လုပ်ပေးနိုင်စွမ်းရှိသလို ဖျော်ဖြေမှုအတွက်လည်း ပေးစွမ်းနိုင်စေပါလိမ့်မယ်။

# လိုအပ်ချက်အလိုက် ရွေးချယ်နိုင်ဖို့

ဒီမှာဖော်ပြထားတဲ့ system တစ်ခုစီက အလုပ်ခန်း ၊ မီဒီဆောင် ၊ အိမ်တွင်းဖျော်ဖြေမှု ၊ တက္ကသိုလ်ကျောင်းသားနဲ့ ကလေးငယ်တွေသဖြင့် သက်ဆိုင်ရာ အလုပ်တစ်ခုစီအတွက် အကောင်းဆုံး ဝန်ဆောင်မှုတွေ ပြုလုပ်ပေးနိုင်တာကို သိရှိစေဖို့အတွက် တင်ဆက်ပေးလိုက်ပါတယ်။

| MODEL | | Rating | Performance | Features and specifications | Bottom Line |
|---|---|---|---|---|---|
|  | Lenovo ThinkCentre M90z<br>$1100<br>find.pcworld.com/70855 | ★★★★½ SUPERIOR | • WorldBench 6 score: 117<br>• WorldBench 6 rating: Superior<br>• Overall design: Very Good | • 3.20GHz Core i5-650<br>• 4GB of RAM; 500GB hard drive<br>• Intel integrated graphics<br>• DVD±RW drive | An all-in-one for businesspeople, the ThinkCentre M90z may skimp on audio, but it offers strong performance on a secure platform. |
|  | HP TouchSmart 600 Quad<br>$1800<br>find.pcworld.com/70856 | ★★★★½ SUPERIOR | • WorldBench 6 score: 104<br>• WorldBench 6 rating: Superior<br>• Overall design: Very Good | • 1.6GHz Core i7-720QM<br>• 6GB of RAM; 1TB hard drive<br>• nVidia GeForce GT 230<br>• Blu-ray drive | The TouchSmart 600 Quad delivers strong media-theater functionality to complement the signature style of the TouchSmart line. |
|  | HP All-in-One 200-5020<br>$780<br>find.pcworld.com/70857 | ★★★★ VERY GOOD | • WorldBench 6 score: 104<br>• WorldBench 6 rating: Superior<br>• Overall design: Good | • 2.7GHz Pentium Dual Core<br>• 4GB of RAM; 500GB hard drive<br>• Intel integrated graphics<br>• DVD±RW drive | It lacks a touchscreen, but this petite all-in-one offers a lush display and surprisingly strong performance for its size. |
|  | Acer AZ5700-U2112<br>$1000<br>find.pcworld.com/70858 | ★★★★½ SUPERIOR | • WorldBench 6 score: 119<br>• WorldBench 6 rating: Superior<br>• Overall design: Very Good | • 3.2GHz Core i5-650<br>• 4GB of RAM; 1TB hard drive<br>• Intel integrated graphics<br>• DVD±RW drive | Tackling media and applications with aplomb, Acer's AZ5700-U2112 offers features and style that are typical of far pricier machines. |
|  | Lenovo IdeaCentre B500<br>$1400<br>find.pcworld.com/70859 | ★★★★½ SUPERIOR | • WorldBench 6 score: 108<br>• WorldBench 6 rating: Superior<br>• Overall design: Very Good | • 2.66GHz Core 2 Quad<br>• 4GB of RAM; 1TB hard drive<br>• nVidia GeForce GTS 250M<br>• Blu-ray drive | Lenovo's IdeaCentre B500 brings together a bold, eye-catching design, outstanding performance, and an integrated TV tuner. |

# ကလေးတွေအတွက်




အိမ်မှာရှိတဲ့ အသက်အငယ်ဆုံး computer အသုံးပြုသူတွေ အလုပ်လုပ်ဖို့နဲ့ ဆော့ဖို့အတွက်ကို အကုန်အကျနည်းတဲ့ all-in-one PC တစ်လုံး တပ်ဆင်ပေးချင်မှာ ဖြစ်ပါတယ်။ Style ကျမှု သိပ်မရှိတာက ပြဿနာ မဟုတ်ဘူးဆိုရင်တော့ Lenovo ရဲ့ all-in-one ကို စဉ်းစားကြည့်လို့ ရပါတယ်။ ကုမ္ပဏီက business အတွက်လို့ ယေဘုယျဆိုထားပေမယ့် IdeaCentre B500 all-in-one က ရိုးရှင်းတာက လွဲလို့ အတော်များများအတွက် သင့်တော်ပါတယ်။

Transformers ရုပ်ရှင်ကားကို နှစ်သက်သူ၊ ဒါမှမဟုတ် မော်တော်ဆိုင်ကယ်ကို စိတ်ဝင်စားသူဆိုရင်တော့ ဒီ B500 ရဲ့ ထောင့်တွေချိုးထားတဲ့ ကိုယ်ထည်ကိုနှစ်သက်မှာဖြစ်ပါတယ်။ အမည်း၊ သတ္တုနဲ့ လိမ္မော်ရောင်တို့ သုံးထားပြီး လိုင်းစင်းလေးတွေပါရှိလို့ B500 က ခန့်ညားတဲ့ သဏ္ဌာန်ရှိနေပါတယ်။



Lenovo IdeaCentre B500 ရဲ့ multitouch feature မပါမှုက screen ပေါ်က လက်ရာတွေကို သန့်ရှင်းရတဲ့ ဒုက္ခမရှိတော့ပါဘူး

2.66GHz core 2 quad processor နဲ့ DDR3 4GB RAM တပ်ဆင်ထားတဲ့ B500 ဟာ World Bench 6 ရမှတ် ၁၀၈ မှတ်ရရှိခဲ့လို့ လုပ်ဆောင်မှုကောင်းတယ်လို့ ဆိုရမှာပါ။ 1TB storage ကလည်း ကလေးတွေအတွက် ဂီတ၊ ရုပ်ရှင်နဲ့ အိမ်စာတွေကို သိုမှီးဖို့ လုံလောက်ပိုလျှံနေပါလိမ့်မယ်။

## Game ကစားဖို့

အလုပ်တွေ ပြီးစီးသွားပြီ ဆိုတာနဲ့ system ရဲ့ nVidia GeForce GTS 250M graphics card က ဂိမ်းအချို့ ဆော့ကစားစေနိုင်မှာပါ။ B500 က gaming benchmarks မှာ အထင်ကြီးစရာ ရမှတ်ရရှိထားပါတယ်။ Unreal Tournament 3 test မှာ 73 fps (frames per second) နဲ့ call of duty 4 မှာ 80 fps ကို 1680 x 1050 resolution နဲ့ ရရှိထားလို့ မြင့်တယ်လို့ဆိုရပါမယ်။

Screen က native resolution 1920 x 1080 pixels ရှိလို့ တောက်ပပြီးဆွဲဆောင်မှု ရှိနေပါတယ်။ Bluray player ပါဝင်လို့ ကလေးငယ်က media center ကို မသုံးဘဲ သူ့အကြိုက် ရုပ်ရှင်တွေကိုကြည့်နိုင်မှာဖြစ်ပါတယ်။ TV ကလာတဲ့ media ကို ပိုကြိုက်တဲ့ကလေးတွေအတွက်တော့ built-in TV tuner ပါရှိလို့ သူတို့ရဲ့အကြိုက် TV show တွေကို ကြည့်ရှုနိုင်ပါလိမ့်မယ်။ အဝေးထိန်းစနစ်လည်းပါတာမို့ ကလေးငယ်တွေအတွက် မုန့်စားပြီးထိုင်ရာမထ ကြည့်လို့ရနိုင်ပါလိမ့်မယ်။

B500 ရဲ့ အနောက်ဘက်ခြမ်းက ရှေ့ဘက်လိုပဲ ကြည့်ကောင်းပြီး တောက်ပတဲ့ လိမ္မော်နီယွန်ရောင်အကွက်တွေကို သတ္တုရောင်ပေါ်မှာ ဖော်ထားပါတယ်။ USB port ၆ ခု ပါတဲ့အတွက် external device တွေနဲ့ game ပစ္စည်းတွေ ချိတ်ဆက်ဖို့ လွယ်ကူပါတယ်။ WiFi ပါလို့ ကလေးရဲ့အခန်းမှာ ကြိုးတွေကို ခလုတ်မတိုက်အောင် ဘယ်လိုထားရမလဲဆိုတာ ခေါင်းခြောက်ဖို့မလိုတော့ပါဘူး။ ပါလာတဲ့ ကြိုးမဲ့ keyboard နဲ့

mouse ကို B500 ရဲ့ intergrated bluetooth transceiver က တစ်ဆင့် ချိတ်ဆက်ပေးထားပါတယ်။

All-in-one PC ရဲ့ လိုအပ်နေတဲ့ လက္ခဏာတစ်ခုကတော့ touch screen ပါပဲ။ ဒါကြောင့် windows 7 ရဲ့ gesture feature ကို မခံစားနိုင်ပါဘူး။ ဒါပေမဲ့ တစ်ဖက်ကကြည့်ပြန်တော့ screen ပေါ်က လက်ရာတွေပေကျံနေတာတွေကို ဘယ်လိုသန့်ရှင်းရမလဲဆိုတာနဲ့ ပတ်သက်ပြီးစဉ်းစားဖို့ မလိုတော့ပါဘူး။ System မှာ ကလေးငယ်ရဲ့ စပ်စုရှာဖွေတဲ့စိတ်ကို ကာကွယ်ပေးမယ့် built-in အကာအကွယ်တွေ ပါပါတယ်။ အဲဒါကတော့ Lenovo ရဲ့ Vantage Technology suite ပါပဲ။ ဒီ ThinkVantage software တွေက hardware driver တွေနဲ့ software update တွေကို အလိုအလျောက်လုပ်ပေးပြီး သေးငယ်တဲ့အမှားအယွင်းတွေကို ပြင်ဆင်မယ့် recovery tool တွေလည်း ပါဝင်ပါတယ်။ ကလေးအနေနဲ့ uninstall လုပ်ဖို့ မလွယ်တဲ့ toolbar တွေ၊ download ဆွဲမိတာတွေမဖြစ်ဖို့ ကာကွယ်နိုင် မှာဖြစ်ပါတယ်။

Lenovo ရဲ့ business machine တွေက သိပ်ပြီး style မကျလှဘူးလို့ လူတွေသိကြပါတယ်။ ဒါပေမဲ့ Idea centre B500 က စွမ်းဆောင်နိုင်မှု ၂ ဆနဲ့ ကောင်းမွန်တဲ့အချက်တွေ ပါလို့ ကလေးတွေအကြိုက်တွေ့မှာ အမှန်ပဲဖြစ်ပါတယ်။

အောင်မြင့်နိုင်

# Apple ရဲ့ all-in-one

All-in-one PC အကြောင်း တင်ပြမှုမှာ ဒီနည်းပညာရဲ့ ရှေ့တန်းတစ်နေရာမှာရောက်နေတဲ့ apple ရဲ့ iMac အကြောင်းကို မဖော်ပြဘဲနဲ့ ပြည့်စုံမှုရှိမှာမဟုတ်ပါဘူး။ နောက်ဆုံး model ဖြစ်တဲ့ ၂၇ လက်မ core i7 iMac က မြင်ဖူးသမျှထဲမှာတော့ အကြီးမားဆုံး all-in-one PC ပါပဲ။ 4GB RAM နဲ့ 2.8GHz quad-core processor တပ်ဆင်ထားလို့ WorldBench 6 မှာ ရမှတ် ၁၂၈ ရထားတဲ့အတွက် အမြန်ဆုံးဖြစ်ပါတယ်။ ဒါပေမဲ့ iMac မှာ bluray drive ၊ TV tuner နဲ့ HDMI ဒါမှမဟုတ် eSATA port တွေ မပါပါဘူး။ ပြီးတော့ windows အခြေခံပြိုင်ဘက်တွေထက် ဈေးပိုပြီးကြီးပါတယ်။ Design ကို သဘောကျတယ်ဆိုရင်တော့ ဒီအချက်ကို တွေးပြီး ချင့်ချိန်ရွေးချယ်ရပါလိမ့်မယ်။

